


မျိုး
ကလောင်ခွဲ

# ဝ
# သျှုး

ကျူးပစ်၏သမီးပျို

# အခန်း ( ၁ )

"ဟ စောင့်လိုက်ရတာကွာ၊ မင်းနှယ်"

ဆိုင်ထဲဝင်ဝင်ချင်းကိုယ့်ကို တမျှော်မျှော် လုပ်နေသည် ဆိုတာ ပိုသေချာသည့်အသံနှင့် ပြောလာသောဇင်မင်း၏ အပြစ်တင်သံကို ညီနှိုင်းဆ အပြုံးအေးအေးဖြင့် ပြန်၍ တုံ့ပြန်လိုက်သည် ။

အားလုံး လူစုံတက်စုံမို့ ဘီယာဝိုင်းလေးက အကောင်းစားယမကာတွေနှင့် ဈေးကြီးပေးဆိုသည့် အသားကင်မျိုးစုံ၊ အသုပ်နှင့်အကြော်အလျော်မျိုးစုံတို့ ဖြင့် တင့်တယ်နေ၏။

"ဆောရီးပဲ သူငယ်ချင်းတို့ ရာ အလုပ်ကိစ္စလေးတွေ မပြတ်သေးတာနဲ့ နောက်ကျသွားတယ်၊ ဒါတောင် မင်းတို့ ဆီက တက္ကစီနဲ့ လာလို့ နော်၊ လိုင်းကားနဲ့ သာလာရင် ဒီအချိန်တောင် ရောက်ဦးမှာ မဟုတ်ဘူး "

ညီနှိုင်းဆ မျက်မှန်ကိုပင့်တင်ပြီး သူ့အတွက် တစ်နေရာစာ ချန်ပေးထားသောခုံမှာ ဝင်ထိုင်လိုက်ပြီး တောင်းပန်လိုက်သည် ။ ပြီးနောက် လွယ်ထားသော သားရေလက်ဆွဲအိတ်ကို ပခုံးမှ ဖြုတ်ကာ သူထိုင်လိုက်သောနောက်ကျောဘက်မှာ ကပ်ထောင်လိုက်သည် ။

"မင်းတို့ က ချတောင်ချနေကြပြီပေါ့"

အမြည်းတွေ အားရပါးရနှိုက်စားနေသောနိုင်လတ်ကို ကြည့်ပြီးမေးလိုက်သည် ။

"အင်း ဟိုကောင် နိုင်လတ်ဆို မှန်တောင်မှန်နေပြီ"

"သူက လွန်ပါတယ်ကွာ"

"မလွန်ဘူးဟေ့ကောင် မင်းသာ ငါတို့ နဲ့ အမီလိုက်တော့၊နောက်ကျတဲ့ ခြေထောက် သစ္စာဖောက်ပဲ"

နိုင်လတ် ညီနှိုင်းဆ၏ ရှေ့မှ ဖန်ခွက်ဝိုင်းဝိုင်းကြီးထဲသို့ ဘလက်ခ်လေဘယ်တွေ ငှဲ့ထည့်ပေးပြီး ရေခဲတုံးလေးတွေ ညှပ်ယူကာ ထည့်ပေးသည် ။

"အဟဲ ဆရာသမားကို ဒီလိုအလိုက်သိမှ ပေါ့"

"ချီးထုပ်ဆရာသမားလား၊ မင်းထည့်ရင် နည်းနည်းလေးဖြစ်နေမှာစိုးလို့ ငါတို့ နဲ့ အမီလိုက်အောင် များများ သောက်ခိုင်းတာ၊ စေတနာ သိပ်ရှိလို့ မဟုတ်ဘူး "

နိုင်လတ်ချီးထုပ်ဟု ပြောသဖြင့် ဇင်မင်း နိုင်လတ်၏ ပခုံးကို လက်သီးဖြင့် မနာအောင် ခပ်ဆတ်ဆတ် လှမ်းထိုးလိုက်သည် ။ ထို့နောက် ဖန်ခွက်ကို လှမ်းယူကာ ဝိုက်ဝိုက်ကလေး လှုပ်ရမ်းပြီး တစ်ငုံငုံလိုက်သည် ။

လည်ချောင်းထဲ ပူဆင်းသွားသော ပြင်းရှရှ အရသာထူးကြောင့် မျက်လုံးမှိတ်ကာ မျက်နှာအမူအရာ အနည်းငယ်ရှုံ့တွလိုက်သည် ။ ခေါင်းထဲမှာ ရှုပ်ထွေးနေတာတွေ ခဏတော့ မေ့သွားလောက်သည် ဟု ထင်ပါသည် ။ ထို့ကြောင့်ရုတ်တရက် ဝင်လာသော အတွေးတို့ ကိုနှင်ကာ လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး ဘေးဘီဝဲယာကို ဝေ့ကြည့်လိုက်သည် ။

ရောင်စုံမီးစလောင်းကြီးတွေဖြင့် အလှဆင်ထားသော The Dream ဘီယာဘားသည် ည၏ အရောင်ဘက်သို့ ကူးပြောင်းစပြုနေသော ခပ်မှိ

န်မိုန် အရောင်ကို ထိုအလင်းများ ဖြင့် အလှဆင်ပုံဖော်ထားသည် ။

အထဲမှ ဂီတသံက အပြင်ဘက် ညီနှိုင်းဆတို့ ထိုင်နေသော အပြင်ဝိုင်းတွေဆီသို့ လွင့်ပျံ့လာသေးသည် ။

တေးသီချင်း၏ မြူးဇစ်ကို ခံစား၍ ရပေမယ့် သီဆိုနေသော အဆိုရှင် မိန်းကလေး၏ အသံကိုတော့ ခံစား၍ မရ။

"အထဲဝိုင်းတွေမှာ ဘာလို့ မထိုင်တာလဲ ၊အပြင်ကြီးမှာ ကွာ၊ ငါတို့ ဘီယာသောက်တာ လူမြင်လိုက်တာ"

"အံမယ် အရက်သမားက ကိုယ်အရက်သောက်တာ လူသိမှာ ကျ တော့ ရှက်သား"

နိုင်လတ်ပိုရန်ကောဟူသော အကြည့်ဖြင့် အပြစ်တင်သေးသည် ။ ဇ င်မင်းက ငါးမုန့်ကြော်တစ်ချပ်ကို ဂျပ်ခနဲကိုက်လိုက်ရင်း

"အထဲမှာ ဆို KTV ကရှိတော့နားငြီးတယ်ကွ၊ ဒီကြားထဲ ဒီကောင်နိုင် လတ်က သူများ ပန်းကုံးစွပ်သလို သူလိုက်စွပ်ရော၊ သူ့ပန်းကုံးဖိုးပိုက်ဆံ မလောက်ရင် ငါက ဒိုင်ခံချေးရတာ၊ ပြီးတော့ မေ့ပင်အောက်ရောက်သွားသလို မေ့ပြီး ပြန်မပေးတော့ဘူး"

နိုင်လတ်သူ့အကြောင်းတွေ အမွှမ်းတင်နေသော ဇင်မင်းကို ခပ်ကြို တ်ကြိတ် ဆဲလိုက်သည် ။ ဇင်မင်း ဂရုမစိုက် သူပြောစရာရှိတာကို ဆက်ပြော၏။

"ဒါကြောင့် အပြင်ဝိုင်းကို ရွေးထိုင်တာဟှေ့ကောင်၊ အပြင်မှာ ဆိုည နေခင်းလေပြည်အေးလေးနဲ့ စိတ်တောင်ပေ့ါပါးလန်းဆန်းသေးတယ်"

အကြောင်းပြချက်ခိုင်လုံသောဇင်မင်း၏ ဖြေရှင်းချက်ကြောင့်ညီနှိုင်း ဆ ဘာမှ ထပ်ပြီး စောဒက မတက်တော့။ ဖန်ခွက်ထဲက လက်ကျန်ကို

ကောက်မော့ပြီး အမြည်းကို နှိုက်စားလိုက်သည် ။

"မင်း မားသားကြီးနဲ့ ရော အိုကေသွားပြီလား"

ဇင်မင်းအမေးကြောင့် ညီနှိုင်းဆ ခပ်မဲ့မဲ့ပြုံးကာ ခေါင်းခါပြ၏။

"သိပ်မပြေပါဘူးကွာ၊ သူက ကကြီးဆိုရင်ငါက ယပလက်လုပ်လို့ ဆိုပြီး ငါ့ကို အလုပ်ကပြန်သွားတိုင်း နားမုဒိမ်းကျင့်ခံနေရတာ၊ ငါ့လောက်သနားစရာကောင်းတဲ့ ကောင် လောကမှာ ရှိပါဦးတော့မလား မသိဘူး၊ ကြာတော့လူကညစ် လာပြီ"

"မင်းကလည်း မင်းပဲလေ ဒီလောက်ပန်းပွင့်လေးလိုလှတဲ့ မြပုလဲကိုမှ လုံးဝငြင်းလိုက်တယ်ဆိုတော့ မင်း မားသားကြီး ပေါက်မယ်ဆိုလည်း ပေါက်လောက်တယ်လေကွာ၊ ငါသာ မင်းနေရာမှာ ဆိုရင်ချစ်ချစ် မချစ်ချစ် တစ်ခါတည်းခေါင်းညိတ်လိုက်မှာ ပဲ၊ တချို့ဆို မယူခင်က မချစ်ကြဘူး၊ ယူပြီးမှ အနေနီးသံယောဇဉ်တွယ်ပြီး ရင်ဘတ်ချင်းငြိသွား ကြတာ၊ နောက်ပြီး အသွေးအသားအချင်းချင်း ကူးလူးယှက်ဖြာပြီး သူ့အလိုလို ချစ်သွားကြတာပဲလေ အဲဒါ ငါ့လက်တွေ့၊မင်း မယုံမရှိနဲ့ "

ဇင်မင်းစကားကို နိုင်လတ်က မျက်လုံးပြူးကြည့်ကာ ဟက်ခနဲရယ်လိုက်ပြီး

"ဘာလဲ မင်းအဖေက မင်းအမေကို မချစ်ဘဲ ယူခဲ့ရလို့ လား"

"ဟုတ်တယ် မင်းတော်တယ်၊ ဗေဒင်ဟောစားလို့ ရသွားပြီ၊ မင်းပြောသလိုပဲ ငါ့အဖေနဲ့ အမေက မိဘပေးစားလို့ ယူလိုက်ရပေမယ့် အရင်က လုံးဝတောင်ဆုံဖူးတာ မဟုတ်ဘူး တဲ့ ၊အဖေရော အမေရောတစ်ယောက်နဲ့ တစ်ယောက် လုံးဝမချစ်ကြဘူး"

"ဟွန်း မချစ်လို့ ဇင်မင်းတို့ မောင်နှမ ခုနစ်ယောက်ကို မွေးတာဟေ့

ကောင်၊ ချစ်များ ချစ်ရင်တော့ ဆယ့်လေးယောက်လောက်မွေးနိုင်တယ် နော်၊ ဒါတောင် အဘောရှင်းဖြစ်တာ မပါသေးဘူး"

ဇင်မင်းစကားကိုနိုင်လတ် ကြားဖြတ်၍ ဝင်ထောက်ခံပေးသဖြင့် ဇင်မင်း မငြင်းဘဲ တခွီးခွီးနှင့် အားရပါးရ ရယ်လိုက်သည် ။

ဇင်မင်းနှင့်နိုင်လတ်ရယ်တော့ ညီနှိုင်းဆပါ လိုက်ရယ်လိုက်သည် ။

ထို့နောက် သူငယ်ချင်းသုံးယောက် ရောက်တတ်ရာရာ ရေးဟောင်း နှောင်းဖြစ်အကြောင်းတွေ အလုပ်အကိုင်အကြောင်းတွေ ပြောကြနှင့်အ တော်လေးပင် မိုးချုပ်သွား၏။

ထိုသုံးယောက်ထဲတွင် ဇင်မင်းနှင့်ညီနှိုင်းဆက သိပ်မသောက်။ ကို ယ့်လီမစ်နှင့်ကိုယ် ထိန်းသောက်သည် ။ ဟိုကောင် နိုင်လတ်ကတော့ နွားအိုမကြီးပေါက်တဲ့ သေးကို အရက်လို့ လိမ်တိုက်ရင်တောင် အိမ်တိုင် ကို အကြိမ်တစ်ထောင်လောက် မမူးမူးအောင်ပတ်ပြီး သောက်မည့် ကောင်မျိုး။ ခုလည်း ဇက်တောင်နည်းနည်းကျိုးချင်နေပြီ။

"ကဲ ကိုးနာရီကျော်နေပြီ ငါတို့ လစ်ရင်ကောင်းမယ် ဇင်မင်း၊ နိုင်လ တ်လည်း တော်တော်ကျိုးနေပြီ"

"ဘာ ဘယ်ကလာ ကျိုးရဦးမှာ လဲ ၊ရသေးတယ်၊ သောက်လို့ ဖြစ် သေးတယ်၊ မင်းတို့ ကလည်း အေးဆေးပေ့ါ၊ ဘယ်လိုဖစ်တာလဲ၊ အိမ်မှာ ဈေးဖိုးစောင့်တောင်းမယ့် မိန်းမတွေရှိတာကျနေတာပဲ"

နိုင်လတ်အာသာမပြေသေးသော အာလေးလျှာလေး အသံဖြင့် တား ရင်းပုလင်းထဲမှ လက်နှစ်လုံးသာသာရှိသော လက်ကျန်လေးကို သူ့ဖန်ခွ က်ထဲ သွန်ချလိုက်သည် ။

ဒီကောင် မနိုင်ဘူးဆိုသောအကြည့်ဖြင့် ဇင်မင်း နိုင်လတ်ကို

ကြည့်ပြီးခေါင်းခါလိုက်သည် ။

ထိုစဉ်ညီနှိုင်းဆတို့ ဝိုင်းနှင့်မဝေးသော ကားလမ်းဘေးသို့ ကောင်မလေးတစ်ယောက် တစ်ဖက်ကားလမ်းမှ ရေးကြီးသုတ်ပျာဖြင့် ကူးလာသည် ။

သူမနောက်မှ လူကြီးတစ်ယောက် ဒလကြမ်းပြေးလိုက်လာသည် ။ ရုတ်တရက်မို့ ပြောလက်စစကားတွေကိုရပ်ကာ ညီနှိုင်းဆရော ဇင်မင်းရော ကြောင်ငေးကြည့်နေမိကြ၏။ နိုင်လတ်ကတော့ကားလမ်းဘက်ကို ကျောပေးထား၍ မမြင်။

ကောင်မလေးပြေးနေရင်းမှ ကားလမ်းဘေးတွင် ခြေခေါက်၍ လဲကျသွားသည် ။ ထိုလူကြီးလိုက်၍ မီသွားသဖြင့် မြေပြင်တွင် လဲကျနေသော ကောင်မလေးကို ခြေဖြင့်တအားကန်ကျောက်လေသည် ။

"အင်းဟာ အင်းဟာ ကောင်မ၊နင်က ဒီလိုထွက်ပြေးလို့ ရရောလား၊ နင့်အမေတောင်ငါရိုက်ရင် ဒီလိုထွက်မပြေးဘူး၊ နင်က ငါ့ကို အာခံပြီး ထွက်ပြေးတယ်ပေါ့ ဟုတ်လား၊ အင်းဟာ နင်က ဘယ်လင်အားကိုးနဲ့လဲ"

ထိုလူကြီးပြောလည်း ပြော ခြေဖြင့်လည်း ကန်။

"မဟုတ်ရပါဘူး အဖေရယ်၊ မနောကြောက်လို့ ပါ၊ အဖေ့ကို အာခံတာ မဟုတ်ပါဘူး၊ မနောတောင်းပန်ပါတယ်၊ မနောနောက်မလုပ်တော့ပါဘူး"

လက်ဝါးလေးနှစ်ဖက်ကို ပွတ်ကာပွတ်ကာ လက်အုပ်ကလေးချီပြီး တောင်းပန်နေရှာသော ကောင်မလေးကိုကြည့်ပြီး ညီနှိုင်းဆရင်ထဲမှာ မကောင်း။

အယုတ္တာအနတ္တာ ဆဲရေးတိုင်းထွာနေသော စကားလုံးတွေက ထိုလူကြီး၏ စိတ်ဓာတ်အဆင့်အတန်းနှင့်လူနေမှုအဆင့်ကို ဖော်ပြနေသယောင်။

ဇင်မင်းထံမှ တက်ခေါက်သံကိုကြားရပြီး

"ဟာကွာ ဒီလူကြီး လူစိတ်မှ ရှိသေးရဲ့ လား၊ ကိုယ့်သမီးကို ဒီလိုလမ်းလယ်ခေါင်မှာ အရှက်ခွဲပြီး ရိုက်နှက်ဆုံးမရတယ်လို့ "

မ ျက ်စ ိရေ ႕့မ ႑ အကျည်းတန်လွန်းနေသောမြင်ကွင်းကို မမြင်ရက်စွာဖြင့် ဒေါသတကြီးပြောလိုက်သည် ။

ညီနိုင်းဆကတော့ စိတ်ထဲမှ နေ၍ ထိုကောင်မလေး အရှက်ပင်လယ်ဝေနေရခြင်းကို မကြည့်ရက်။ ရပ်ကလေး သနားကမားနှင့်လမ်းလယ်ခေါင်မှာ ။ ပြီးတော့ခုလို ယောကျ်ားသားတွေ စုဝေးရာအုပ်ဖြစ်တဲ့ ဘီယာဆိုင်အရှေ့မှာ ဆိုတော့ သူမ၏ အရှက်သည်းမှုသည် ဘယ်အရာနှင့်မှ နှိုင်းယှဉ်ပြစရာရှိမည်မထင်။

အတွေးဖြင့် ကရုဏာသက်နေတုန်း ထိုလူကြီးမှာ မိန်းကလေး၏ ခေါင်းမှ ဆံပင်တွေကိုဆွဲကာ တရွတ်တိုက်ဆွဲခေါ်သွားသည် ။ မြင်ကွင်းက အကျဉ်းသားတစ်ယောက်ကို နှိပ်စက်နေသလို တော်တော်လေး အကျည်းတန်လွန်းနေသည် ။

"အ အားအဖေနာတယ်၊ လွှတ်ပါအဖေရယ်၊ သမီးရှက်လို့ ပါ"

ကောင်မလေးရဲ့ အသံက ငိုသံပါကြီးနှင့်ဗလုံးဗထွေးဖြစ်နေသည် ။ ညီနိုင်းဆ ဘယ်လိုမှ ကြည့်မနေနိုင်တော့။ လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ကာ အံတစ်ချက်ကြိတ်ပြီးထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည် ။

ဇင်မင်း ညီနှိုင်းဆ လက်ကိုဖျတ်ခနဲ လှမ်းဆွဲကာ တားလိုက်သည်။

"မင်း ဘာလုပ်မလို့ လဲညီနှိုင်း"

"အမြင်မတော်လို သွားတားမလို့ လေ"

"ထားလိုက်ပါကွာ၊ သူတို့ က သားအဖတွေလေ၊မင်းဝင်ပါမှ အခြေအနေတွေပိုဆိုးပြီး ကောင်မလေးကိုဖိအားပေးလိုက်သလို ဖြစ်သွားမယ်၊ အလကားနေရင်း သူများကားဘီးအောက်တုံးဝင် မခုစမ်းပါနဲ့ ကွာ၊ လွှတ်ထားလိုက်စမ်းပါ၊ မင်းမကြည့်ရင်ရင်မျက်နှာလွှဲလိုက်"

ညီနှိုင်းဆကို ဖျောင်းဖျနေသော ဇင်မင်းစကားကြောင့်ရင်ထဲမှာ အလုံးလိုက် အလိပ်လိုက်တက်လာသော ဒေါသတွေကိုခပ်ကြမ်းကြမ်း သက်ပြင်းဖြင့် ဖျော့ချလိုက်သည်။

ဘေးဘီကိုဝေ့ကြည့်တော့လည်း သူ့လိုဒေါသထွက်နေတဲ့ လူတစ်ယောက်မှ မရှိ၊ ဇာတ်ဝင်ခန်းတစ်ခုကို ထိုင်ကြည့်နေရသလို အားလုံး မင်တက်အံ့သြကာ ငြိမ်သက်စွာကြည့်နေကြသည်။

"ဟုတ်ပါတယ်ကွာ မင်းကလည်း အလကားနေရင်း ကြီးတော်ရဲ့ နွား ဝင်မကျောင်းစမ်းပါနဲ့ ၊ အရက်သောက်ရတာ ဖီလင်ပျက်တယ်ခွီးထဲမှ ပဲ အေ့"

တော်တော်လေး မူးနေသော နိုင်လတ် အာလေးလျှာလေးသံကြီးဖြင့် ဝင်ရောက်ဟန့်တားသည်။

ညီနှိုင်းဆ အကြည့်တွေကို လွှဲလိုက်ကာ စိတ်ကိုလျှော့ချလိုက်ပြီး ထိုင်ခုံမှာ ပြန်ထိုင်လိုက်သည်။

ဖြတ်သွားသော ကားမီးရောင်တွေအောက်မှ နာကျင်စွာ ရှက်ရွံ့ ခံစားနေရသော ထိုကောင်မလေး၏ မျက်နှာဆီကိုညီနှိုင်းဆ အကြည့်

ရောက်သွားပြီး မျက်နှာလွှဲပစ်လိုက်ရသည် ။

နင့်ဝဋ်ကြွေးရှိသလောက် ခံပေဦးတော့ ကောင်မလေးရေ။

*****

# အခန်း ( ၂ )

"ဟဲ့ မိမနော ညည်းအဲဒီရေတိုင်ကီနားမှာ ဘာညိုမြလုပ်နေတာလဲ"

ရေဇလုံကြီးထဲကို တိုင်ကီထဲမှ ရေတွေ တဝုန်းဝုန်းခပ်ထည့်နေရင်းမှ ဒေါ်မြချယ်၏ ခပ်စူးစူးအသံကြောင့် မနောဖြူ မျက်နှာလေး အိုဆင်းသွားကာ

"ညက အဖေအန်ထားတဲ့ အဝတ်တွေ လျှော်မလို့ ပါ အမေ"

အသံဖြင့်ပင် အိမ်ပေါ်ထပ်မှ အမေ့ကိုဖြေရှင်းချက် လှမ်းပေးလိုက်သည် ။

"အဲဒီအရေးမပါတဲ့ အလုပ်ကထား၊ ခုချက်ချင်း အိမ်ပေါ်တက်ခဲ့ဦး"

"ဟုတ်ကဲ့ အမေ"

မနောဖြူလက်ထဲမှ ရေခွက်ကိုရေစည်ထဲချခဲ့ပြီး အိမ်ပေါ်ထပ်သို့ အပြေးတစ်ပိုင်းဖြင့် တက်ခဲ့လိုက်သည် ။

ရေစိုတစ်ပိုင်းဖြစ်နေသော လုံချည်အနားစမှ ရေစက်တွေကကြမ်းခင်းပေါ်သို့ တစ်စက် တစ်စက် ကျနေသဖြင့် ဒေါ်မြချယ်ဆူစရာတစ်ကွက်တိုးသွားပြန်သည် ။

"ဟဲ့မရှင်မ အိမ်ပေါ်ကိုရေတွေစိုအောင် လုပ်လာပြန်ပြီ၊ အဝတ်ဖြင့်မလျှော်ရသေးဘူး။ ဘာကြောင့် အောက်ပိုင်းက ရွဲရပြန်တာလဲ"

ဆူပူကြိမ်းမောင်းနေသော မိခင်စကားကြောင့် ဝါဝင်းသော ခြေသလုံးသားဖွေးဖွေးလေးတွေပေါ်မှာ ကပ်နေသော ရေစိုလုံချည်အနားစကို ငုံ့ကြည့်လိုက်သည် ။

"စောစောက တိုင်ကီထဲရေမရှိတာနဲ့ ရေသွားထမ်းထားလို့ စိုနေတာပါ၊ ဒါနဲ့ အမေ မနောကို ဘာခိုင်းမလို့ လဲ"

"ငါ ထမင်းစားမယ်၊ ထမင်းပွဲပြင်"

ဒေါ်မြချယ် ဖျင်ကုလားထိုင်ပေါ်တွင် အခန့်သားထိုင်နေရင်းမှ ဗိုက်ဆာလာ၍ အလုပ်မအားသော မနောကို ထမင်းပွဲ တက်ပြင်ခိုင်းခြင်းဖြစ်သည် ။

"ဟုတ်ကဲ့ အမေ၊ မနောခုပဲထမင်း ပြင်ပေးပါ့မယ်"

မနောဖြူ ကြောင်အိမ်ထဲတွေမှာ အဆင်သင့်ထည့်ပြင်ထားသော ဟင်းပန်းကန်နှင့်ငါးပိတို့ စရာ ပန်းကန်ကို ထမင်းစားပွဲဝိုင်းပေါ် တင်လိုက်သည် ။

အားလုံးပြင်ဆင်ပြီးမှ အိမ်ရှေ့ခန်းတွင် ထိုင်နေသော အမေ့ကို ထွက်ခေါ်ခဲ့၏။

"အမေ ထမင်းပြင်ပြီးပြီ"

အမေကုလားထိုင်မှ ထလိုက်ပြီး ထမင်းပွဲနားသို့ လျှောက်လာ၏။ ပြင်ဆင်ထားသော ဟင်းပန်းကန်ကို ကြည့်ပြီးမဲ့လိုက်သည် ။

"ဟင်း ထမင်းစားရမှာ ကျက်သရေမရှိလိုက်တာ၊ညည်းမှာ ဒီငါးကလွဲပြီး မချက်တတ်တော့ဘူးလား မိမနော"

"ရှင် ချက်ချက်တတ်ပါတယ် အမေ၊ မနက်က အမေပေးလိုက်တဲ့

စျေးဖိုးက ဆန်ရောဆီရောအပြင် တခြားတိုလီမိုလီတွေပါ ဝယ်ရတော့ပိုက်ဆံမလောက်ဘူး၊ ဒါကြောင့် မနော စျေးသက်သာတဲ့ ဒီငါးကိုပဲ ဝယ်ခဲ့ရတာပါ၊ နောက်ပြီး စျေးထဲမှာ ဒေါ်တင်စိန်ကလည်း အမေဝယ်ထားတဲ့ ပါတိတ်ဝမ်းဆက်ဖိုးက မသွင်းတာကြာပြီလို့ လှမ်းပြောလို့ အဲ အဲဒီကိုလည်း ငါးရာဖဲ့သွင်းခဲ့ရတယ်"

"တော်စမ်း ငါ့ကိုဆင်ခြေတွေ မပေးနဲ့ ၊ အကြောင်းအရာတစ်ခုပြောလိုက်ရင်ငါ့ကိုဆင်ခြေ ပြန်တက်ဖို့ အတွက်နင်ကြိုပြီးစကားလုံးစီထားသလားမှတ်တယ်၊ ငါ မပြောလိုက်ချင်ဘူး။ မိဘတွေကို ခွေးလိုကျွေးတဲ့ ကောင်မ၊ အမလေးလာမှာ ပါ ဒင်းအလှည့်ကျရင် ဒင်းသားသမီးက အိမ်သာထဲက ချီးတက်ကျွေးလိမ့်မယ်၊ ဝဋ်ဆိုတာ လည်တတ်တယ်မှတ်ထား "

ဒေါ်မြချယ် မကျေမနပ်ဖြင့် ဗျစ်တောက်ဗျစ်တောက်နှင့်သမီးတစ်ယောက်ကို ပြောဆိုနေသော စကားလုံးရင့်ရင့်တွေက မိခင်အရင်းမှ ဟုတ်ပါလေစဟု ဘေးလူတွေကြားလျှင် သံသယဝင်ချင်စရာ။

မနောဖြူ၏ မျက်ဝန်းလက်လက်လေးမှာ မျက်ရည်တွေ ရစ်ဝိုင်းလာသည် ။ မနောရင်ထဲမှာ နာကျင်ခြင်းထက် ဝမ်းနည်းစိုးထိတ်ခြင်းတွေကပိုနေသည် ။

မနော လူမှန်းသိတတ်စကတည်းက မနောကို ချစ်တဲ့ လူရှာကြံပြီးတော့တောင်မှ ရေတွက်၍ မရခဲ့။ အဲဒီလောက်ထိ အဖေရော အမေရော မနောကို မျက်နှာသာ တစ်စက်ကလေးမှ မပေးခဲ့။

ရင့်သီးသော ဆူပူကြိမ်းမောင်းခြင်းတွေအောက်မှာ သာ မနော တဖြည်းဖြည်း လူလားမြောက်ခဲ့ခြင်းပါ။ မနောကြောင့် အဖေနှင့်အမေ၏ စီးပွားရေး ချွတ်ခြုံကျခဲ့ရတာ။ မနောဟာ မိဘတွေကို ဒုက္ခပေးဖို့ လူဖြစ်

လာတာဟူသော စွပ်စွဲချက်တွေက မနောရဲ့ ဘဝသက်တမ်းတစ်လျှော က်မှာ ကြားလာခဲ့၍ နားရည်ပင်ဝနေလေပြီ။ ကြာတော့ ထိုစွပ်စွဲချက်တွေပင် မနောကို ပြန်ပြီး အားနာနေလောက်၏။ ထို့နောက် မျက်ခမ်းစပ်မှ ကျလုဆဲဆဲ မျက်ရည်ကြည်တို့ ကို အမေမမြင်အောင်ပုတ်ခတ်ထိန်းရင်း အမေထမင်းစားရင်း သောက်ရေအတွက် သောက်ရေအိုးထဲ မှ ရေတစ်ခွက် ပြေးခပ်လိုက်သည် ။

အမေ့စားပွဲပေါ် တင်ပေးပြီး အမေ့ရှေ့မှ ထွက်ရန် နည်းလမ်းရှာလိုက်သည် ။

"အမေသမီး အဝတ်သွားလျှော်လိုက်တော့မယ်"

အမေ ထမင်းကို တို့ ကနန်း ဆိတ်ကနန်း စားနေရင်းမှ မနောကိုစွေကြည့်လိုက်ပြီး

"နေဦး လမ်းထိပ်က မငွေး အပေါင်ဆိုင်မှာ ဝတ်စုံတစ်စုံ သွားရွေးပေးစမ်း၊ ငါသွားစရာရှိတယ်၊ အဲဒီအပေါင်လက်မှတ်တွေ ဘယ်မှာ ထည့်ထားလဲ"

"ဗီရိုထဲက အမေ့အင်္ကျီထပ်အောက်မှာ လေ"

"အေး အဲဒီမှာ ဆေးရေးပါတိတ် အပေါင်လက်မှတ်ရှာယူခဲ့၊ ဗီရိုထဲက ပိုက်ဆံအိတ်ပါ ယူခဲ့၊ ပိုက်ဆံတွေ ခိုးမထားနဲ့ ဦးနှော်၊ အဲဒီပိုက်ဆံအလကားရတာ မဟုတ်ဘူး ၊ ဒေါ်သန်းဆင့်ဆီက နေ့သွင်းထုတ် လာတာ"

ဆူပူကြိမ်းမောင်းလို့ မှ မဆုံးသေး ကိုယ့်သမီးကို သူခိုးလို့ စွပ်စွဲချင်နေသော အမေ့စကားကြောင့်မနောရင်ထဲမှာ အောင့်မျက်နှာကျင်ရသည် ။

မိဘပိုက်ဆံကို မသိအောင်လည်း မယူဘူးသလို သိအောင်လည်း မ

ယူဘူးခဲ့။ မိဘပစ္စည်းမပြောနှင့် သူတစ်ပါးပစ္စည်းတောင် မယူတတ်ခဲ့တာ မနောရဲ့ မွေးရာပါ အကျင့်ကောင်းတစ်ခု။

မနော အမေ့နားမှ ထလာကာဗီရိုထဲမှ အပေါင်လက်မှတ်တွေစုထည့်ထားသော သားရေအိတ်အပြားလေးကို ထုတ်လိုက်သည် ။

ပြီးနောက်ဆေးရေးပါတိတ် အပေါင်လက်မှတ်ကို များ ပြားလှသော အပေါင်လက်မှတ်တွေကြားထဲမှ ရှာယူလိုက်သည် ။

"ဟင် ရက်လွန်နေပါလား"

အပေါင်လက်မှတ်ကိုဖွင့်ကြည့်တော့ ရွေးရမည့်ရက်က လွန်နေပြီ။ မနောခပ်တိုးတိုးရေရွတ်ရင်းမှ ထိုအပေါင်လက်မှတ်ကိုင်ပြီး အမေ့ဆီလျှောက်လာလိုက်သည် ။

"အမေ ရက်လွန်နေလို့ ရွေးလို့ မှ ရပါတော့မလား"

"ဘာ"

အမေ့အသံက အိပ်ခန်းကျဉ်းကျဉ်းလေးထဲမှာ ဟိန်းသွားသည် ။ မနောကိုယ်လေးဆတ်ခနဲ တုန်သွားကာ

"ပြည့် ပြည့်တာက ငါးရက်နေ့တည်းက အမေ၊ အခုရက်နှစ်ဆယ်ရှိပြီဆိုတော့ ရွေးလို့ ရမယ် မထင်တော့ဘူး"

မနောအသံလေးတွေကြောက်စိတ်ကြောင့် တုန်ယင်နေသည် ။

"အဲဒါ နင် အသုံးမကျလို့ ပေါ့ဟဲ့ ကောင်မရဲ့ ၊ ဘယ်ပစ္စည်းဘယ်ရက်ပြည့်မယ်ဆိုတာ နင်သိထားရမယ်လေ၊ တစ်နေ့တစ်နေ့ အိမ်မှာ နေပြီးနင်ဘာလုပ်နေလဲ ၊နင်ဟာလေ ဘာမှ သုံးစားလို့ မရတဲ့ ကောင်မ၊ အလကားဆန်ကုန်မြေလေး ၊နင့်လို သမီးမျိုးမွေးရတာ

ဝမ်းရေဆတ်တယ်ဟဲ့ ကောင်မရဲ့ "

အမေ့ရဲ့ ဆူပူကြိမ်းမောင်းသံတွေက အခန်းထဲမှာ ပြန်လည် ဟိန်းထွက်လာပြန်သည် ။

"ဝုန်း"

"ခလွမ်း"

ဒေါ်သကြီး ပေါက်ကွဲလိုက်သော ထမင်းပန်းကန်ပြားက ကြမ်းပြင်ပေါ်တွင် ထမင်းတွေနှင့်အတူ အဖွေးသား။

"ညည်း ဒီမနက် ထမင်းလုံးဝမစားနဲ့ ညည်း ဘာမှ အားကိုးမရ တဲ့အတွက် ညည်းကို အငတ်ထားမယ်၊ ငါတို့ ထမင်းကို အခန့်သားထိုင်စားနေပြီ ငါတို့ ကို ဘာအကျိုးမှ မပြုတဲ့ သမီး၊ ညည်းမျက်နှာကို ဒီအိမ်မှာ ငါမမြင်ချင်တော့ဘူး ညည်းကို ယောကျ်ားပေးစားမယ်"

အမေ့စကားကြောင့် မနောကမ္ဘာပျက်သလို သွေးပျက်ချောက်ချားသွားသည် ။

"မ မလုပ်ပါနဲ့ အမေရယ်၊ သမီးတောင်းပန်ပါတယ်၊ နောက်ဆို ဒီလို မဖြစ်စေရတော့ပါဘူး ၊မနောယောကျ်ားတော့ မယူပါရစေနဲ့ နော်"

ငိုသံဗလုံးဗထွေးဖြင့် တောင်းပန်တိုးလျှိုးနေသော မနောဖြူ ၏ မျက်နှာနုနုချောချောလေးမှာ မျက်ရည်တွေ ပြည့်လျှံစီးကျလျက် မိခင်ဖြစ်သူကို ဒူးဖက်မတတ် တောင်းပန်နေရှာ၏။

လောကတွင် မိဘမေတ္တာသည် စမ်းရေတမျှ အေးချမ်းလှသည် ဆိုသည့် အ ဆို မှ ာ မနောဖြူ ရရှိနေသော မိဘတွေဆီမှ မေတ္တာသည် အဘယ်မှာ အေးချမ်းလိမ့်မည်နည်း။

သူမအတွက် မိဘနှစ်ပါး၏ ရိုက်နှက်ဆုံးမသံတွေသည် နေ့နေ့ညည နေ့စဉ်နှင့်အမျှ ငရဲခန်းထဲရောက်နေသလို ခံစားနေရ၏။

သို့သော် မနောမိဘနှစ်ပါးအပေါ်တွင် တစိုးတစိမျှ စိတ်ကွက်၍ မုန်းတီးခြင်းစိတ်တွေ မဖြစ်ပေါ်မိ။

"ညည်းကယောကျ်ားသာ မယူချင်တာ၊ ညည်းစိတ်တွေက အိမ်အလုပ်ထဲမှာ မရှိဘူး၊ အပြင်ကိုရောက်နေတာလေ၊ ဒါကြောင့် ငါ့ပစ္စည်းမဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရတာ၊ အဲဒါကိုညည်းတော်လို့ လို့ ထင်နေလား"

ဒေါ်မြချယ် ဆူပူကြိမ်းမောင်းနေတုန်း ဘေးအိမ်မှာ ကြီးစိန်နုလှုပ်လှုပ် လှုပ်လှုပ်ဖြင့် တက်လာသည် ။

"ဟဲ့မြချယ် သားအမိနှစ်ယောက် ဆူဆူပူပူနဲ့ ဘာတွေဖြစ်ကြပြန်ပြီလဲ"

"ဘာဖြစ်မှာ လဲ ကြီးစိန်နုရယ် ဒီကောင်မလေး အိမ်မှာ နေပြီး ဘာမှ အကျိုးမပြုတဲ့ ကောင်မ၊ အခုသူ့ကြောင့် အပေါင်ဆိုင်မှာ ပေါင်ထားတဲ့ ကျွန်မရဲ့ ပါတိတ်တစ်စုံ ဆုံးပြီလေ"

အမေက လက်ဆေးရည်ခွက်ထဲ လက်နှစ်ဆေးပြီး ထမင်းအုပ် ဆောင်းပေါ် ပြန့်တင်ထားသော လက်သုတ်ဝတ်ကို ယူကာ ရေစိုနေသော လက်ကိုသုတ်လိုက်ပြီး တဗျစ်တောက်တောက်ပြော၏။

"အိုအေ သူမှာ လည်း တစ်နေ့တစ်နေ့ အလုပ်နဲ့ လက်နဲ့ မပြတ် ရှာပါဘူးအေ၊ မိုးလင်းက မိုးချုပ် မနားရပါဘူး၊ သူ့ထက်စာရင်း ညည်းက မှ ပိုကာဝိုင်းထိုင်လိုက်၊ အိမ်မှာ ဇိမ်နဲ့ နှပ်လိုက်၊ အိမ်လျှောက်လည်လိုက်နဲ့ အချိန်တန်ရင် အိမ်ပြန် လာပြီး သားသမီးအဆင်သင့်ချက်ထားတဲ့ ထမင်းကိုစား၊ ညည်းအတွက်တော့ ညည်းသမီးကိုဆူတာ သီချင်းတစ်ပု

ဒ်ဆိုသလောက် လွယ်ပေမယ့် ခံရတဲ့ လူမှာ တော့ စိတ်ဒဏ်ရာရစေတယ်"

"အို မိဘ ဘယ်လိုနေနေ ဘယ်လိုထိုင်ထိုင်လေ ဒါက မိဘတွေ အပိုင်း၊ သူ့ဘက်က လုပ်စရာရှိတာတော့ တာဝန်ကျေကျေလုပ်ရမှာ ပဲ မဟုတ်လား၊ ဒီလောက်ဇီးစေ့လောက်ရှိတဲ့ အိမ်ကလေးထဲက အလုပ်ကို သူမို့ တစ်နေ့တစ်နေ့ ပြီးအောင်မလုပ်နိုင်တယ်၊ အလကား သုံးစားမရတဲ့ ကောင်မ"

ကြီးစိန်နု ပြောနေတာတောင် အမေ့ရဲ့ ဒေါသတွေက မနောအပေါ်မှာ မြူတစ်မှုန်စာတောင် လျော့ပါးမသွား။

မနောအမေ့ရှေ့မှာ မငိုချင်၍ အခန်းထဲသို့ ဝင်လာခဲ့လိုက်သည် ။ ကိုယ့်အခန်းထဲရောက်မှ စားပွဲပေါ် မျက်နှာအပ်ပြီး ချုံးပွဲချငိုလိုက်သည် ။

အဖေနှင့်အမေဆီမှ အေးမြသည့်မေတ္တာ မပေးနိုင်လျှင်နေပါ မနော အတင်းအဓမ္မ မတောင်းခံချင်ပါ။ သို့သော် အမုန်းကိုတော့မနောမလိုချင်ပါ။

မနောကြောင့် ဆုံးရှုံးသွားခဲ့ရသည့် ဥစ္စာပစ္စည်းတွေကို ဒီအချိန် မှာ အသက်အသေခံပြီး ပြန်အစားရမည်ဆိုလျှင်တောင် မနောကိုယ့်အသက်ကို မနှမြောဘဲ မိဘတွေအတွက် ပေးဆပ်သွားချင်သည် ။

လောကမှာ မနောအကြောက်ဆုံးက အငြိုးတွေနှင့်အပြစ်ဖွဲ့နေသည့် အဖေနှင့်အမေရဲ့ အမြင်မကြည်လင်မှုတွေပါပဲ။

*****

# အခန်း ( ၃ )

"ဖြန်း"

သီချင်းတအေးအေးဖြင့် လှေကားပေါ်မှ တက်လာသော ညီနိုင်း ဆမျက်နှာ ဖြန်းဆိုသော အသံနှင့်အတူ ပူခနဲ နာကျင်ကျိန်းစပ်သွား၏။

လှေကားပေါ်မှ နောက်ပြန်မကျအောင် ဘေးလက်ရမ်းကို အမိအရဖမ်းဆုပ်ကိုင်ပြီး ယိုင်နဲ့ သွားသောကိုယ်ကို အချိန်မီ ထိန်းမတ်လိုက်သည် ။

"မြပုလဲ နင်ဒါဘာလုပ်တာလဲ"

အမှောင်လွှမ်းနေသော တိုက်လှေကားမှာ ညီနိုင်းဆ၏ အသံက ဒေါသသံစွက်၍ ဟိန်းသွားသည် ။

"ငါ့ကို အရှက်ရအောင်လုပ်တဲ့ နင့်ကို လက်ဆောင်ပေးတာလေ၊ ငါ့မှာ နင့်ကို ဒီလောက်တော့ ပြန်ပြီးပေးဆပ်ခွင့်တော့ ယူဦးမှ ပေါ့"

"ဟ ငါက နင့်ကိုဘာတွေ လက်ဆောင်ပေးနေလို့ လဲ၊ နင်က ငါ့အိမ်မှာ နေပြီး ငါ့ကိုပါးရိုက်ဖို့ အလစ်ချောင်းနေတယ်ဆိုတော့ နင် တဆိတ်မလွန်ဘူးလား"

ညီနိုင်းဆ မျက်လုံးတွေ မီးဝင်းဝင်းတောက်နေသည် ။

မြပုလဲ ခနိုးခနဲ့ ရယ်လိုက်ပြီး ခေါင်းလေးစောင်းကာ ခပ်ထေ့ထေ့

လေးကြည့်သည် ။

"ဘာ ငါက နင့်အိမ်ပေါ်တက်ပြီး နင့်ပါးကိုရိုက်တာကျတော့ ငါကလွန်တယ်။ နင်ကျတော့ ငါ့အိမ်ကို လာပြီး ငါ့မိဘတွေရှေ့မှာ အန်တီဆွေ့သမီးကို ကျွန်တော်လက်မထပ်နိုင်ပါဘူးလို့ တက်ပြီးပြောတာကျတော့နင်မှန်တယ်ပေါ့"

မိန်းကလေးပီပီ ထေ့လုံးငေါ့လုံးတွေဖြင့် အချက်ကျကျ ပြောနေသောမြပုလဲကိုကြည့်ပြီး ညီနိုင်းဆ စိတ်လေသွားမိသည် ။ စိတ်ထဲမှာလည်း ငြင်းလိုက်တာ မမှားဘူးဟု ကိုယ့်ဆုံးဖြတ်ချက်ကို ကျေနပ်မိ၏။ ကိုယ့်ကို ကိုယ်ထိလက်ရောက်စော်ကားတဲ့ အတွက် ကိုယ်ကပြန်ပြီး လက်တုံ့ပြန်ရင်လည်း အင်အားချင်းမမျှသလို ကိုယ်ကပဲယောကျ်ား မဆန်ရာကျဦးမည်။

"မှန်တယ် ငါမှ နင့်ကိုမချစ်တာ၊ ကိုယ်မချစ်တဲ့ သူကိုငါက အားနာပြီး လက်ထပ်ရမှာ လား၊ နင်ဆိုရင်ရောကိုယ်မချစ်ဘဲနဲ့ မိဘစကားနားထောင်ပြီး ယောကျ်ားတစ်ယောက်ရဲ့ လက်ထဲ ကိုယ့်ဘ၀ကိုယ်ထိုးအပ်ရဲလား"

မြပုလဲ နှုတ်ခမ်းကို သွေးထွက်လုမတတ် ကိုက်ပြီးညီနိုင်းဆကို စားမတတ် ဝါးမတတ် မျက်လုံးများ ဖြင့် ကြည့်နေ၏။

ညီနိုင်းဆ ထိုအကြည့်ကို မထီမဲ့မြင်ကြည့်ကာ စိတ်ပျက်သောအပြုံးဖြင့်မဲ့လိုက်သည် ။

"အေးလေ ငါကယောကျ်ားလေးပဲ၊ နင့်လို မိန်းကလေးနဲ့ အပြိုင် စကားနိုင်လုပြောနေလို့ ရော ငါ့တန်ဖိုးက တက်သွားမှာ မှ မဟုတ်တာ၊ ငါ့ဘက်က နင့်ကိုစပြီး ငြင်းလိုက်တဲ့ အတွက် နင့်အနေနဲ့ ဒီလောက်တော့ ခံစားရမှာ ပေါ့၊ ဆောရီးပဲဟာ"

လူတစ်ဖက်သားအပေါ် အနိုင်ယူလိုစိတ်မရှိသော ပကတိ စိတ်ရင်းနှင့်ပင် မြပုလဲ၏ ဒေါသတွေ ပြေရာပြေကြောင်း တောင်းပန်လိုက်သည် ။

ဒါတောင်မြပုလဲပုံစံက ညီနှိုင်းဆအပေါ် လုံးဝကျေအေးပေးချင်ပုံမရသေး။ ထို့ကြောင့် သူမနှင့်ဆက်ပြီး စကားနိုင်မလုလိုတော့ သဖြင့် ကိုယ့်ရှေ့မှာ ပိတ်ရပ်နေသော သူမကို ရှောင်ကွင်း၍ အခန်းရှိရာ သို့လျှောက်ဝင်လာခဲ့လိုက်သည် ။

အလုကုန်လုပ်ငန်း၏ ဖြန့်ဖြူးရေးတာဝန်ခံတစ်ယောက်ဖြစ်သော ညီနှိုင်းဆအလုပ်ချိန်မှာ လူပင်ပန်းစိတ်ပင်ပန်းဖြစ်ကာ အရောင်းကိုယ်စားလှယ်များ နှင့် စကားပြောရဆိုရလွန်းသဖြင့် တစ်နေကုန် ဖတ်ဖတ်မောနေရသည့်အထဲ အိမ်ရောက်တော့ အမောမပြေပဲ ကိုယ်မချစ်မနှစ်သက်သည့် မိန်းမတစ်ယောက်က အိမ်ထဲဝင်ဝင်ချင်း ပါးရိုက်လိုက်သည် ။

ခံရသည့်ကောင်က ခွင့်လွှတ်ရအခက်၊ ဒေါသထွက်ရ အခက်နှင့်၊ နောက်ပြီး စိတ်ထဲရှိသည့်အတိုင်း ပေါက်ကွဲပစ်လိုက်သည် ထားဦး ကိစ္စက ဒီမှာ တင်ပြီးသွားမည်မဟုတ်။ မိဘတွေအထိပါ မီးခိုးကြွက်လျှောက်ပါကုန်မည်။

နဂိုကတည်းကမှ မြပုလဲကို ချွေးမတော်ချင်နေသည့်ကိုယ့်အမေ။ သူမတော်လိုက်ရသည့် ချွေးမကို ယောက်ျားတန်မဲ့ ပြန်ပြီးရိုင်းစိုင်းစွာ ပြုမူလိုက်ရသလားဆိုပြီး အိမ်ပေါ်က နှင်ချလျှင်အခက်

ညီနှိုင်းဆ ဖြစ်နိုင်လျှင် ဒီအချိန်မှာ ဘယ်သူနှင့်မျှ ပြဿနာမတက်ချင်။ သူတို့ မသေခင် မြေးလေးချီသွားချင်ပါသည် ဟု တပူပူတဆူဆူ ဖြစ်နေသော အမေ့ရဲ့ ဆန္ဒကိုလည်း မဖြည့်ဆည်းပေးနိုင်သဖြင့် ဒီအချိန်မှာ ကိုယ်ဟာ မိဘအတွက်တော့ သားလိမ္မာတစ်ယောက်ဖြစ်ချင်မှ ဖြစ်လိမ့်မည်။

အတွေးနှင့်အတူ သက်ပြင်းမောကို ဟူးခနဲ မှုတ်ထုတ်လိုက်ပြီး လွယ်ထားသော သားရေအိတ်ကို စားပွဲပေါ်ပစ်တင်ကာ ခုတင်ထက်သို့ဘုန်းခနဲ ပစ်လှဲချလိုက်သည် ။

"အနိုင်း အနိုင်း ထစမ်း ၊အလုပ်ယူနီဖောင်းကြီးနဲ့ ခုတင်ပေါ် ဒီအတိုင်း တက်အိပ်ရသလား၊ ရေလေးဘာလေး ချိုး၊ ထမင်းလေး ဘာလေး စားပြီးမှ တစ်ခါတည်း အိပ်ပါတော့လား"

ဗျစ်တောက်ဗျစ်တောက် ပြောနေသော မေမေ့အသံကြောင့် ညီနိုင်း ဆမျက်လုံးတွေ ဖျတ်ခနဲ ပြန်ပွင့်လာသည် ။ ခုတင်ပေါ်လှဲအိပ်နေရာမှ ဆတ်ခနဲ ထထိုင်ကာ ကျွတ်ခနဲ စုတ်သပ်လိုက်သည် ။

"ပင်ပန်းလို့ ပါ မေမေရာ၊ မေမေတို့ ကလည်း သားကိုတွေ့တာနဲ့ ပွားဖို့ ကအရင်"

"ဟဲ့ ... ပွားမှာ ပေ့ါဟဲ့၊ ကိုယ်လုပ်ပုံကရော ဟုတ်လို့ လား"

ညီနိုင်းဆ အမေဖြစ်သူကို ဘာဆင်ခြေမှ တက်မနေတော့ဘဲ ရေချိုးခန်းထဲသို့ ရေချိုးရန် ဝင်လာခဲ့လိုက်သည် ။

အရင်မကြည်နေတဲ့ အရှိန်လေးကရှိနေတော့ မေမေ့ရှေ့မှာ သိပ်မနေရဲ။ ဒီအချိန်မှာ သူလိုချင်နေတဲ့ ချွေးမကိုညီနိုင်း ငြင်းဖြစ်သည့်ပြစ်မှုက လောကမှာ ရှိတဲ့ ပြစ်မှုထက်ကြီးနေသလို။ အပြစ်မရှိ အပြစ်ရှာနေသည် ဆိုကပို၍ မှန်မည်ထင်၏။

အချစ်မပါဘဲနှင့်ဘဝနှစ်ခုပေါင်းစပ်လို့ ဘယ်မှာ လာပြီး တင့်တယ်မှု ရှိမှာ တဲ့ လဲ။

*****